## Machine Readable Passport လျှောက်ထားရန်သတ်မှတ်ချက်များ

**ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ -**

၁။ မိမိလျှောက်ထားသည့် နိုင်ငံကူးလက်မှတ်အဆင့်အတန်းအလိုက် သတ်မှတ်ထားသည့် စာရွက်စာတမ်းများအား ပူးတွဲတင်ပြရပါမည် (သာသနာ့ဝန်ထမ်း ၊ အလုပ်၊ မှီခိုကျောင်းသား၊အလည်အပတ် ၊သင်္ဘောသား၊ Business . . . )

**ဓါတ်ပုံ**

၁။ (၆) လအတွင်းရိုက်ကူးထားသည့် ရောင်စုံဓါတ်ပုံဖြစ်ရမည်။

၂။ မျက်နှာဧရိယာသည် ဓါတ်ပုံ၏ (၈၀) ရာခိုင်နှုန်းရှိရမည်။

၃။ နောက်ခံအဖြူရောင်ဖြစ်ရမည်။

၄။ ဓါတ်ပုံပေါ်ရှိမျက်နှာ၏ အရောင်သည် နဂိုမူလအသားအရောင်ဖြစ်ရမည်။

၅။ ထင်ရှားပြတ်သားမှုရှိသောပုံရိပ်ဖြစ်ရမည်။

၆။ မျက်လုံးအနေအထားမှာ -

(က) မျက်လုံးနှစ်ဘက်မှာ တစ်တန်းတည်းဖြစ်ရမည်။

(ခ) မျက်လုံးပေါ်၌ ဆံပင်များအုပ်ဖုံးခြင်းမရှိစေရ

(ဂ) မျက်နှာသည် နောက်ခံအဖြူရောင်၏ အလယ်တည့်တည့်တွင်ရှိရမည်။

(ဃ) မျက်လုံးပေါ်တွင် အနီစက်/အဖြူစက် အလင်းပြန်ခြင်းမရှိစေရ ၊ (Red Eye)

၇။ မျက်နှာအနေအထားသည် တည်ကြည်သော အနေအထားဖြစ်ရမည်။

၈။ နှုတ်ခမ်းအနေအထားသည် ဖွင့်ဟနေသောအနေအထား မဖြစ်စေရ ၊

၉။ ဓါတ်ပုံပေါ်တွင် အလင်းပြန်ခြင်းမရှိစေရ ၊

၁၀။ ဓါတ်ပုံပေါ်တွင် အရိပ်မထင်စေရ ၊

၁၁။ မျက်မှန်တတ်သည့်သူများ အရောင်ပြောင်းမျက်မှန် ( tinted lenses ) ၊ မျက်မှန်ပေါ်တွင် အလင်းမပြန်စေရ ၊ မျက်မှန်ဘောင်မထူရ ၊ မျက်မှန်ဘောင်(frames) သည် မျက်လုံးကိုမကွယ်စေရ ၊

၁၂။ ဦးထုပ်ဆောင်း၍မရိုက်ရ ၊

၁၃။ အစ္စလာမ်ဘာသာဝင် အမျိုးသမီးများ ခေါင်းဝတ်ပုဝါသည် မျက်နှာပေါ်တွင် အုပ်မိုးခြင်းမရှိစေရ ၊ အရိပ်မကျစေရ ၊

၁၄။ ဓါတ်ပုံအရွယ်အစားမှာ ( ၃၅ မီလီမီတာ နှင့် ၄၅ မီလီမီတာ ) ရှိရမည်။

၁၅။ ဓါတ်ပုံ Resolution မှာ 600 dpi ဖြစ်ရမည်။

၁၆။ မိမိဓါတ်ပုံနှင့်ထိုးမြဲလက်မှတ်အား CD ခွေ၌ JPEG format ဖြင့်ထည့်သွင်းပြီး soft copy အနေဖြင့်လည်းကောင်း ၊ ၆-လအတွင်း ရိုက်ကူးထားသည့် ဓါတ်ပုံနှစ်ပုံအား hard copy အဖြစ်လည်းကောင်း ပူးတွဲပေးပို့ရပါမည်။

**လျှောက်ထားသူ၏ထိုးမြဲလက်မှတ် -**

၁။ ထိုးမြဲလက်မှတ်သည် နိုင်ငံကူးလက်မှတ်ပေါ်တွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပါ၍ လျှောက်ထားသူကိုယ်တိုင် ရေးထိုးသောလက်မှတ်ဖြစ်ရမည်။ကိုယ်စားမထိုးရကွဲလွဲခဲ့ပါကခရီးသွားလာရာတွင် အခက်အခဲကြုံတွေ့နိုင်ပါသည်။

၂။ ရေးထိုးသောလက်မှတ်သည် ၊ သတ်မှတ်ဘောင်ထက်ကျော်လွန်ခြင်းမရှိစေရ ၊ ထင်ရှားပြတ်သားမှုရှိရမည်။

၃။ အောက်ဖော်ပြပါပုံစံများထဲမှ မိမိနှင့်သက်ဆိုင်သည့်ပုံစံအား download ပြုလုပ်၍ ကိုယ်ရေးရာဇဝင်နှင့် ပူးတွဲပေးပို့ပါရန်။

FORM B

## နိုင်ငံကူးလက်မှတ်တွင် ရေးသွင်းရမည့်
## ကိုယ်ရေးအချက်အလက်

(လျှောက်ထားသူကိုယ်တိုင်အင်္ဂလိပ်ဘာသာဖြင့်ရေးသွင်းပါရန်)

1. Name :

2. Date of Birth :

3. Place of Birth :

4. Signature of the applicant :